# အဖွဲ့အစည်းများ/အဖွဲ့များအတွက် ယဉ်ကျေးမှုနှင့် ဘာသာဗေဒဆိုင်ရာ သင့်လျော်သော (CLC) COVID-19 အကြံပြုချက်များ

## ပြည်နယ်နှင့် ဒေသခံရပ်ရွာအုပ်စုမှ မည်သည်တို့ကို လုပ်ဆောင်နိုင်သနည်း။

- ယဉ်ကျေးမှုနှင့် ဘာသာဗေဒအရ သင့်လျော်သော ဝန်ဆောင်မှုများ (CLAS) အတွက် နိုင်ငံလုံးဆိုင်ရာစံနှုန်းများကို အကောင်အထည်ဖော်၊ ပြဌာန်းပါ။
- ဘာသာစကားမျိုးစုံဖြင့်ဖော်ပြထားပြီး နားမကြားသူနှင့် နားလေးသူများပါ နားလည်နိုင်သော ဗဟိုပြု COVID-19 စာမျက်နှာတစ်ခုကို ဖန်တီးပါ။ အချိန်နှင့်တပြေးညီ သတင်းထုတ်ပြန်နိုင်စေရန်အတွက် မကြာခဏဖြည့်စွက်မွမ်းမံပါ။
- အလွယ်တကူနားလည်နိုင်စေရန်အတွက် ရိုးရှင်းသော ဘာသာစကားကိုအသုံးပြုပြီး သတ်မှတ်ထားသော ဘာသာစကားများရှိ နှစ်သက်ရာဝေါဟာရကို စဉ်းစားပါ။
- အီးမေးလ်နှင့် ဖုန်းမှတဆင့် ဘာသာစကားအများအပြားဖြင့် ဆက်သွယ်နိုင်သော ရင်းမြစ်လိုင်းတစ်ခုကို ဖန်တီးရန်စဉ်းစားပါ။ စကားပြန်နှင့် ဘာသာပြန်ဝန်ဆောင်မှုများကို အဆင်သင့်ရရှိနိုင်ရပါမည်။ ဥပမာအားဖြင့်-
  - MDHHS ၏ COVID-19 ဟော့လိုင်းနှင့်အီးမေးလ်လိပ်စာ
  - City of St. Paul MN ဘာသာစကားရင်းမြစ်လိုင်း
- ယုံကြည်ရသော သတင်းစကားပါးသူများ ထားရှိပါ- ရပ်ရွာအုပ်စုရှိ ချစ်ခင်လေးစားခံရသော သြဇာရှိသူများသည် ၎င်းတို့၏ကိုယ်ပိုင်ယဉ်ကျေးမှု၊ လူမျိုးနှင့် ဘာသာစကားရှိသော လူအုပ်စုများအား မည်ကဲ့သို့ "ပြောဆို" ရမည်ကို အစိုးရနှင့် အခြားသောအဖွဲ့များထက် ပို၍ကောင်းကောင်းသိသောကြောင့် ၎င်းတို့၏မျက်နှာများ၊ အသံများနှင့် စကားလုံးများကို အမှာစကားပါးရာ၌ပေါင်းထည့်ရန်အလို့ငှာ ၎င်းတို့ကို ရွေးထုတ်ပြီး တိုက်ရိုက်ဆက်သွယ်လုပ်ကိုင်ပါ။
  - အရေးကြီးသည့်အမှာစကားများကို မျှဝေရန်အလို့ငှာ အဆိုပါ သြဇာရှိသူများနှင့်/သို့မဟုတ် လူမျိုးစု၊ မျိုးနွယ်စုဆိုင်ရာ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုရန် ထည့်သွင်းစဉ်းစားပါ။ ဒါကတော့ ဥပမာကောင်းတစ်ခုပါ။
- ၎င်းတို့အကျိုးပြုနေသည့် မတူကွဲပြားသော ရပ်ရွာအုပ်စုများအတွက် ပစ္စည်းပစ္စယများကို ယဉ်ကျေးမှုအရ/ဘာသာဗေဒအရ သင့်လျော်သောနည်းလမ်းများဖြင့် ဖန်တီးနိုင်ကြစေရန် ၎င်းတို့ကို ငွေကြေးထောက်ပံ့ပါ။ ရပ်ရွာအုပ်စုနှင့် ပြည်နယ်တွင်းရှိ စိုးရိမ်ကြောင့်ကြမှုများ/လိုအပ်ချက်များကို သင့်လျော်အောင်စီစဉ်ခြင်းနှင့် လက်ဆင့်ကမ်းရာတွင် ပြည်နယ်ဝန်ထမ်းများသည် ရပ်ရွာအုပ်စုခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

TA 21175 4/21/2020

# အဖွဲ့အစည်းများ/အဖွဲ့များအတွက် ယဉ်ကျေးမှုနှင့် ဘာသာဗေဒဆိုင်ရာ သင့်လျော်သော (CLC) COVID-19 အကြံပြုချက်များ

- ကျွန်ုပ်တို့တွင် စကားပြန်ပေးရန် လူများ/အရင်းအမြစ်များမရှိနိုင်သောကြောင့် စာတတ်မြောက်မှုနှင့်/သို့မဟုတ် ဒေသိယစကား/ဘာသာစကား ချို့ငဲ့သူများ၏ လိုအပ်ချက်များဖြေရှင်းရန်အတွက် ဘေးကင်းရေးစီမံချက်များဆိုင်ရာ ပုံပြ/ဗယားပြ သရုပ်ဖော်ပုံကို ဖန်တီးပြီး ဖြန့်ဖြူးပါ။ ဥပမာအားဖြင့်-
    - MDHHS မီဒီယာ ဂရပ်ဖစ်များ
    - CDC အင်ဖိုဂရပ်ဖစ်
    - Shutterstock COVID-19 သတင်းအချက်အလက် နမူနာ
- လူမျိုးနှင့် လူမျိုးစု ဦးရေများနိုင်သမျှများများထံသို့ ရောက်ရှိနိုင်စေရန်အတွက် (အတွေ့အကြုံအမျိုးမျိုးရှိသူများ၏ ဒစ်ဂျစ်တယ်စနစ်အသုံးပြုနိုင်စွမ်းကွာခြားချက်ကို ထည့်သွင်းစဉ်းစားလျက်) သင့်အဖွဲ့၏မီဒီယာဆက်သွယ်ရေးများတွင် ဘာသာစကားအမျိုးမျိုး၊ နည်းလမ်းအဖုံဖုံဖြင့်အသုံးပြုနိုင်သည့် ပုံနှိပ်စာ (ပြည်တွင်းသတင်းစာများ)၊ ကြော်ငြာများ၊ လူမှုကွန်ရက် ပလက်ဖောင်း၊ ဒစ်ဂျစ်တယ်နှင့် ရေဒီယိုများပါဝင်အောင် ဖန်တီးပါ။
    - ပဏာမခြေလှမ်းများကို ပုံဖော်ရန်နှင့် ၎င်းတို့ရပ်ရွာအုပ်စုများဆီသို့ သတင်းအချက်အလက်များဖြန့်ဖြူးမှုကို ကူညီပေးရန်အတွက် ရပ်ရွာအုပ်စု အကျိုးဆောင်များ၊ ခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ပါ။
    - အဖွဲ့/အဖွဲ့အစည်းနှင့်ဆက်စပ်မှုမရှိသော ပြည်သူများအတွက်မူ၊ အိမ်ရာမဲ့များအတွက် အစားအစာသိုလှောင်ထားရှိရာနေရာများနှင့် အကဲဖြတ်စစ်ဆေးခြင်းနေရာတို့၌ သတင်းအချက်အလက်များဖြန့်ဝေပါ။
- အင်္ဂလိပ်စကားပြောစွမ်းရည်ချို့ငဲ့သူများအပါအဝင် အလုပ်မဖြစ်သည်များ၊ ရပ်ရွာအုပ်စုတွင်း လိုအပ်ချက်များဆိုင်ရာ တုံ့ပြန်ချက်များကိုစုဆောင်းရန်အတွက် ကပ်ရောဂါဆိုင်ရာ ရပ်ရွာအုပ်စုအကြံပေးအဖွဲ့များဖန်တီးရန် စဉ်းစားပါ။ ဥပမာအားဖြင့်- www.kingcounty.gov/covid/advisory-group.